ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၂၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ(၂၁) ရက်

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ နှင့်ပတ်သက်၍ ကြေညာချက်

၁။ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့နိုင်ငံရေးအခြေအနေ မတည်မငြိမ်မှုဖြစ်နေပြီး လုံခြုံရေးစိုးရိမ်ရသောအခြေအနေနှင့် ကိုဗစ်ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်း အခြေအနေတို့ကြောင့် အနာဂတ်အတွက် တန်ဖိုးရှိလှသော နိုင်ငံ့သားကောင်းလူငယ်များ ပညာသင်ကြားခွင့် မဆုံးရှုံးစေရေးကို ဦးတည်၍ အွန်လိုင်းသင်ကြားရေး (Online Learning) နှင့် အိမ်တွင်းသင်ကြားရေး(Home-based Learning) တို့ ပါဝင်သော ကြားကာလပညာသင်ကြားရေးစနစ်ကို ဖော်ဆောင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ဖက်ဒရယ်ပညာရေးစနစ်ကို ဦးတည်၍ စုပေါင်းခေါင်းဆောင်မှုမှတဆင့် စုပေါင်းအကောင်အထည်ဖော်ဆောင်နိုင်စေရန်အတွက် ပညာရေးဝန်ကြီးဌာန၏ သင်ကြားရေးရပ်ဝန်းတစ်ခု သတ်မှတ်ပြီး တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၊ သိပ္ပံများအားလုံးကို စုစည်းထားရှိပြီး ပူးပေါင်းဆောင်ရွက်စေခဲ့ပါသည်။

၃။ ပြည်သူ့ဘက်တော်သားများအားလုံး မည်သူမျှမကျန်စေရေးမူဝါဒနှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များကိုလည်း သင်ကြားရေးရပ်ဝန်းသို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ကြေညာချက်များအတိုင်း ပူးပေါင်းဆောင်ရွက်ကြပါရန် နှင့် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် ပညာရေးတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် ပူးပေါင်းပြီး သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

၄။ လုံခြုံရေးစိုးရိမ်ရသောအခြေအနေနှင့် ကိုဗစ်ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်း အခြေအနေတို့ကို အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ ဂရုမစိုက်ပဲ မိမိအာဏာတည်မြဲရေးကိုသာ ဦးတည်ပြီးဖွင့်လှစ်ထားသော ပညာရေးစနစ်သည် ပြည်သူလူထုအား အကျိုးပြုမှုမရှိသည့်အတွက် ၎င်းတို့ပေးအပ်မည့် ဘွဲ့ဒီဂရီများကို အသိအမှတ်ပြုမည်မဟုတ်ကြောင်းနှင့် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်တက်ရောက်နေသော ကျောင်းသူကျောင်းသားများသည်လည်း ပညာသင်ကြားခွင့်ဆုံရှုံးမှု မရှိစေရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်မည့်သင်တန်းများတွင် ကြားကာလပညာရေးကောင်စီများနှင့် ချိတ်ဆက်၍ ဆက်လက်တက်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(ပုံ)**

**ဒေါက်တာဇော်ဝေစိုး**

**ပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**